# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၂၇-၁-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၊ ခြံမြေ၊ လယ်မြေ၊ သစ်တောများနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရေး လုံခြုံမှု အကာအကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသောင်း၊ မော်လိုက် မဲဆန္ဒနယ်၏ **မော်လိုက်မြို့နယ်၊ အင်းတော်ဒေသတွင် မူလသဘာဝဓာတ်ငွေ့တွင်း (၂)တွင်းနှင့် စမ်းသပ်တူးဖော်ခဲ့သည့် တွင်း (၁)တွင်း တို့ကို သဘာဝဓာတ်ငွေ့ ပမာဏတိုင်းတာသည့် ကျွမ်းကျင် ပညာရှင်များ စေလွှတ်ရန်နှင့် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံအား စံကိုက် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ခုတင်(၁၀၀၀)ဆေးရုံကြီး၌ လူနာဆောင်များ၊ နားရိနေထိုင်ဆောင်များနှင့် ကင်တင်းများ တိုးရဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရေးမြို့နယ်တွင် ခုတင် (၁၀၀) ဆံ့ ဆေးရုံ တစ်ရုံ တည်ဆောက်ပေးရန်၊ ဆေးပစ္စည်းကိရိယာများ လုံလောက်စွာ ဖြည့်စွက်ပေးရန်နှင့် လမိုင်းမြို့နယ်ခွဲနှင့် ခေါဇာ မြို့နယ်ခွဲတို့တွင် (၁၆) ခုတင်မှ (၂၅) ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **နေပြည်တော် ခုတင် (၁၀၀)ဆံ့ တိုင်းရင်း ဆေးရုံ တည်ဆောက်ရေးအတွက် မည်သို့စီမံ ဆောင်ရွက်မှုများ ရှိသည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက **"လျှပ်စစ် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **"လျှပ်စစ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"လျှပ်စစ် ဥပဒေကြမ်း"**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။